ကောင်းသော အပြုအမူ အလေ့အကျင့်များသည်
ကလေးများ၏ ဘဝတစ်လျှောက်တွင် အဓိကကျသော
ကဏ္ဍမှ ပါဝင်ပြီး ကလေး၏ အနာဂတ်ကို လှပကောင်းမွန်အောင်
ဆုံးဖြတ်နိုင်ပါသည်။ ကလေး၏ ငယ်နုသောအရွယ်တွင်
အပြုအမူကောင်းများ ကျင့်ကြံတတ်အောင် သင်ပြပေးခြင်းသည်
ကလေး၏ဘဝ တိုးတက်ကောင်းမွန်စေခြင်း၊
ထိုမှ ထူးချွန်ထက်မြက်သော လူငယ်၊ လူကြီးနှင့်
နိုင်ငံကြီးသားတစ်ယောက် ဖြစ်လာအောင်
လေ့ကျင့်ပုံသွင်းပေးခြင်းလည်း မည်ပါသည်။

ဤစာအုပ်တွင် ကျန်းမာအောင် နေထိုင်ပုံ၊ သန့်ရှင်းရေး၊
အမှန်ကိုသာ ပြောဆိုခြင်း၊ အိမ်တွင်၊ ကျောင်းတွင်၊
ဧည့်သည်လာလျှင်၊ အစာစားလျှင်၊ သူငယ်ချင်းများ၊
အိမ်နီးချင်းများ စသည်တို့နှင့် ဆက်ဆံပြုမူပုံများ၊
ကူညီတတ်သောစိတ်ထား၊ ရိုးသားမှု၊
ယာဉ်အန္တရာယ်ကင်းဝေးစေရေး စသည်တို့နှင့်ဆိုင်သော
ကဏ္ဍပေါင်း ၅၀ ကျော်ကို ရောင်စုံရုပ်ပုံများဖြင့် မှတ်ရလွယ်
နားလည်လွယ်အောင် စီစဉ်ထားပါသည်။

ရုပ်ပုံများဖြင့် ဖော်ပြခြင်းသည် စာပိုဒ်ပေါင်းများစွာဖြင့်
ဖော်ပြခြင်းထက် ပိုမိုလျင်မြန် ထိရောက်နိုင်သဖြင့်
ကလေးများ ပျော်ရွှင်စွာလေ့လာရင်း
ကောင်းသောစိတ်ထားနှင့် အမူအကျင့်များ ကျင့်ကြံတတ်လာအောင်
ဤစာအုပ်က ကူညီပေးနိုင်ပါလိမ့်မည်။



